# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

# ပြည်တွင်းအခွန်များဦးစီးဌာန

## အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (COVID-19) ကာကွယ်ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်နှင့် ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်လျက်ရှိသော Ease of Doing Business ၏ အခွန်ပေးဆောင်မှုညွှန်းကိန်း (Paying Taxes Indicator) တိုးတက်စေရန် ရည်ရွယ်၍ အခွန်ထမ်းပြည်သူများ နိုင်ငံတော်သို့ အခွန်ငွေပေးဆောင်ရာတွင်လည်းကောင်း၊ အခွန်ကြေညာလွှာများတင်သွင်းရာတွင်လည်းကောင်း အီလက်ထရောနစ်နည်းဖြင့် အခွန်ဆိုင်ရာဝန်ဆောင်မှုများပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၂ တွင် "အခွန်ထမ်းတိုင်းသည်အခွန်ဥပဒေ တစ်ရပ်ရပ်အရ လိုအပ်ပါက အဆိုပါဥပဒေတွင် သတ်မှတ်သည့်အချိန်အတွင်း သတ်မှတ်ထားသည့်နေရာ၌သော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က တောင်းဆိုသည့်အတိုင်းသော်လည်းကောင်း ပုဒ်မခွဲ(ခ)ပါ သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံသို့ အခွန်ကြေညာလွှာကို တင်သွင်းရမည်" ဟု ပြဋ္ဌာန်းထားရှိပါသည်။

၃။ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်၊ ဩဂုတ်လမှ စတင်၍ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် ဆိုင်ရာအခွန်ရုံးများသို့ အထူးကုန်စည်ခွန် သုံးလတစ်ကြိမ် ကြေညာလွှာ၊ ကုန်သွယ်လုပ်ငန်းခွန် သုံးလပတ်ကြေညာလွှာနှင့် အခြေပစ္စည်းမှဖြတ်စွန်းငွေ ကြေညာလွှာများကို အခွန်ထမ်းကိုယ်တိုင်ဖြစ်စေ၊ အခွန်ထမ်းကိုယ်စား ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူမှဖြစ်စေ လူကိုယ်တိုင်လာရောက် တင်သွင်းခြင်းအစား ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ် (www.ird.gov.mm) ၏ E-Filing Service Login Here မှတစ်ဆင့် Link ဝင်ရောက်ပြီး စနစ်အသုံးပြုခွင့်အတွက် ဦးစွာမှတ်ပုံတင်ကာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာများကို တင်သွင်းနိုင်ရေး ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number-TIN) ရရှိပြီးဖြစ်သော အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊(၂)၊(၃)၊(၄)နှင့်(၅)တို့၏ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် ဆိုင်ရာအခွန်ရုံးများသို့ အီလက်

ထရောနစ်နည်းဖြင့် ကြေညာလွှာများကို တင်သွင်းပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၅။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းခြင်းနှင့် စပ်လျဉ်းသည့် ဆောင်ရွက်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ် ဖြစ်သည့် www.ird.gov.mm နှင့် ဖေ့စ်ဘွတ်စာမျက်နှာဖြစ်သည့် Internal Revenue Department တို့တွင် လေ့လာနိုင်ပြီး ထပ်မံသိရှိလိုသည်များရှိပါက သက်ဆိုင်ရာအခွန်ရုံးများ၏ အခွန်ထမ်းရေးရာဌာနစုနှင့် သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ (e-Payment Section၊ ရန်ကုန်)၊ အမှတ် ၅၆၉/၅၇၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၈၃၇၉၀၂၂ သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

ပုံ (မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန